တာရှောက်ထန်ကျေးရွာ
ဟိုပန်မြို့နယ်

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၂၁ - ၂၀၂၅)

ပြုစုရေးဆွဲသူ
ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
တာရှောက်ထန်ကျေးရွာ၊ ဟိုပန်မြို့နယ်
(သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)
၂၀၂၁ ခုနှစ်၊ နိုဝင်ဘာ လ

မာတိကာ

စဉ်	အကြောင်းအရာ	
၁။	စကားချီး	၄
၂။	ကျေးရွာ သယံဇာတပြမြေပုံ၊	၅
၃။	ကျေးရွာ ရာသီခွင်ပြ ပြက္ခဒိန်၊	၆
၄။	ကျေးရွာတွင်းနှင့်ကျေးရွာ ပြင်ပအဖွဲ့အစည်းများဆက်စပ်မှုပြပုံ၊	၇
အပိုင်း (က) ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ		
၁။	ကျေးရွာ၏ပထဝီဝင်အနေအထားနှင့် သဘာဝအရင်းအမြစ်များ	၉
	(က) တည်နေရာ၊ ရာသဥတုနှင့် မြေမျက်နှာသွင်ပြင်အနေအထား	၉
	(ခ) သဘာဝအရင်းအမြစ်များ	၉
၂။	လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ	၉
	(က) လူဦးရေဆိုင်ရာအချက်အလက်များ	၉
	(ခ) စီးပွားရေးအခြေအနေ	၉
	(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု	၁၀
	(ဃ) ပညာရေးနှင့် ကျွမ်းကျင်မှုများ	၁၀
	(င) ကျန်းမာရေးနှင့် အာဟာရ	၁၁
	(စ) ကျား၊ မ ဆိုင်ရာ ဆက်နွယ်မှု	၁၁
၃။	ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှု အခြေအနေ	၁၁
	(က) သီးနှံထုတ်လုပ်ရေးနှင့် သား၊ ငါးထုတ်လုပ်ရေးကဏ္ဍ	၁၁
	(ခ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ	၁၂
	(ဂ) ကုန်စည်နှင့် ဝန်ဆောင်မှုဈေးကွက်	၁၂
	(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာ စီမံခန့်ခွဲမှု	၁၂
	(င) ကျန်းမာရေးနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး	၁၂
	(စ) အခြေခံအဆောက်အဦများ လက်လှမ်းမီမှု	၁၂
	(ဆ) လူငယ်နှင့် ယဉ်ကျေးမှု	၁၃
	(ဇ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး	၁၃
၄။	ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေ	၁၃
	(က) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ	၁၃
	(ခ) အဟန့်အတားနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ	၁၃
၅။	ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်	၁၄
	(က) ရည်မှန်းချက်ပန်းတိုင်	၁၄
၆။	ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ	၁၅

အပိုင်း (ခ) စီမံချက်ဆိုင်ရာ အချက်အလက်		၁၆
	စီမံချက် အဆိုပြုလွှာ (၁)	
နောက်ဆက်တွဲ		
	နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း	၁၇
	နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ	၂၀
	နောက်ဆက်တွဲ (၃) ကျေးရွာ ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား	၆၁

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၂၁ခုနှစ်မှ ၂၀၂၅ခုနှစ်အထိ (၅)နှစ်ကြာအကောင်အထည်ဖော်ဆောင်ရွက်သည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော လူထုအများ စုပေါင်းပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများပံ့ပိုးပေးသော သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျပူးပေါင်းဆောင်ရွက်နည်းကိုအသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်းအဖြေရှာကြရာတွင် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ နည်းပေးလမ်းပြကူညီပံ့ပိုးပေး၍ လိုအပ်သည်များကိုစီစဉ်ဆောင်ရွက်ပေးပါသည်။ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်းကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောအစီအစဉ်ကို ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသောဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့နယ်အဆင့်တွင်လည်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနစသည့် သက်ဆိုင်ရာဦးစီးဌာနအသီးသီးတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အဓိကအားဖြင့် ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ၊ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ နှစ်စဉ်ဦးစားပေးစီမံချက်အဆိုပြုလွှာ၊ ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား စသည်တို့ကို အဓိကထား ဖော်ပြထားပါသည်။

၂၀၂၁ ခုနှစ် နိုဝင်ဘာ လ ရက်

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
တာရော်ကထန်ကျေးရွာ
ဟိုပန်မြို့နယ်


ဟိုပန်မြို့နယ်၊ တာရော်ကထန်ကျေးရွာ သယံဇာတပြမြေပုံ



ဟိုပန်မြို့နယ်၊ တာရောက်ထန်ကျေးရွာ ရာသီခွင်ပြပြကွဒိန်



ဟိုပန်မြို့နယ်၊ တာရှောက်ထန်ကျေးရွာ ကျေးရွာတွင်းနှင့် ကျေးရွာပြင်ပ ဆက်စပ်မှုပြပုံ



အပိုင်း (က)

ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့်

ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

၁။ တည်နေရာနှင့် ပထဝီဝင် အနေအထား

တာရှောက်ထန်ကျေးရွာသည် ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ဟိုပန်ခရိုင်၊ ဟိုပန်မြို့နယ်၏ ဖတ်ဟာကျေးရွာအုပ်စုတွင် တည်ရှိပါသည်။ ဟိုပန်မြို့၏ တောင်ဘက်တွင် (၁၅/၀)မိုင်ခန့်အကွာတွင် တည်ရှိပါသည်။ ကျေးရွာ၏ မြောက်ဘက်တွင် တာရှန်ထိုကျေးရွာ၊ အနောက်ဘက်တွင် သံလွင်မြစ်နှင့် ဆုတ်ကွန်(လွယ်လ)ကျေးရွာ၊ အရှေ့မြောက်ဘက်တွင် ဖာကျတ်ကျေးရွာနှင့် ကလောင်အိုကျေးရွာ၊ အရှေ့ တောင်ဘက်တွင် ပန်မွန်းကျေးရွာ နှင့် အနောက်မြောက်တွင် ဖတ်ဟာ(လီဆူး)ကျေးရွာများ တည်ရှိပါသည်။ ကျေးရွာတွင် 'ကိုးကန့်'လူမျိုးများသာ အများဆုံးနေထိုင်ပြီး '၀' လူမျိုးအနည်းငယ်သာ နေထိုင်ကြပါသည်။

၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

ကျေးရွာ၏ ရွာသီဥတုမှာ ပူအိုက်သောရာသီဥတုဖြစ်ပါသည်။ စိုက်ပျိုးနိုင်သော မြေဧရိယာမှာ (၁၄၅)ဧက ရှိပါသည်။ များသောအားဖြင့် မေလတွင် မိုးစတင်ပြီး အောက်တိုဘာလတွင် မိုးကုန်ပါသည်။ သို့သော် ဒီနှစ် နိုဝင်ဘာလတွင်လည်း မိုးအနည်းငယ်ရွာသွန်းပါသည်။ ဇွန်နှင့်ဇူလိုင်လတွင် မိုးအများဆုံး ရွာသွန်းပြီး မိုးရေချိန်သည် တစ်နှစ်ပတ်လုံး ပျမ်းမျှ (၇၀ မှ ၁၀၀)လက်မ ရွာသွန်းပါသည်။ ပျမ်းမျှအမြင့်ဆုံး အပူချိန် (၃၃.၈၀)ဒီဂရီ အနိမ့်ဆုံးအပူချိန် (၁၁.၀၀) ဒီဂရီစင်တီဂရိတ် ရှိပါသည်။

၃။ လူဦးရေဆိုင်ရာ အချက်အလက်များ

ကျေးရွာတွင် အိမ်ခြေ(၃၆)၊ လူဦးရေပေါင်း(၁၉၃)ဦးရှိပြီး 'ကိုးကန့်'လူမျိုးများနှင့် '၀'လူမျိုးအနည်းငယ်နေထိုင်ကြပါသည်။ တစ်အိမ်ထောင်လျှင် ပျမ်းမျှ(၅)ဦးရှိသောကြောင့် မြန်မာနိုင်ငံ၏စံနှုန်းဖြစ်သော တစ်အိမ်ထောင် (၅)ယောက် နှုန်းနှင့်ကိုက်ညီပါသည်။ ကျေးရွာတွင် နို့စို့အရွယ်ကလေးငယ်စုစုပေါင်း(၅)ဦး၊ (၂.၅၉%)နှင့် သက်ကြီးရွယ်အို(၁၂)ဦး၊ (၆.၂၂%)ရှိပါသည်။ (၅)နှစ်အောက်ကလေးငယ်(၁၆)ဦး (၈.၂၉%) ရှိပါသည်။ ကျေးရွာတွင် အလုပ်လုပ်နိုင်သောလူဦးရေသည် (၁၂၅)ဦး၊ (၆၄.၂၅%)ရှိသည့်အတွက် အလုပ်လုပ်နိုင်သောသူ များပြားပါသည်။ ထို့ပြင် အမျိုးသားဦးရေသည် အမျိုးသမီးဦးရေထက် (၅.၇%)ခန့် ပိုများပါသည်။

၄။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုအခြေအနေ

ကျေးရွာတွင် ၂၀၁၄-၂၀၁၅ခုဘဏ္ဍာရေးနှစ်တွင် ကျေးလက်ဦးစီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်ပေးထားသော အရင်းမပျောက်လည်ပတ်ရန်ပုံငွေ မြစိမ်းရောင်ကျေးရွာစီမံကိန်း ဖတ်ဟာ(လီဆူး)+ တာရှောက်ထန်ကျေးရွာ (၂)ရွာပေါင်း (၁)ယူနစ် ရရှိထားပါသည်။ ထိုစီမံကိန်းကို ကျေးရွာများမှ ဆက်လက် အကောင်အထည်ဖော်ရန်အတွက် ကျေးရွာတွင်း မြစိမ်းရောင်ကော်မတီအား ဖွဲ့စည်းထားရပါသည်။ ထိုကော်မတီများမှတစ်ဆင့် ကျေးရွာသူ/သားများအား အတိုးနှုန်းသက်သာစွာဖြင့် ချေးငွေထုတ်ပေးခြင်း၊ ထုတ်ချေးငွေများအား ပြန်လည်ကောက်ခံခြင်း၊ ငွေစာရင်းရှင်းလင်းခြင်း၊ ငွေစာရင်းစစ်ဆေးခြင်း၊ ချေးငွေ အတည်ပြုခြင်း၊ ချေးငွေအတိုးတွက်ချက်ခြင်းနှင့် ငွေကြေးဆိုင်ရာစီမံခန့်ခွဲခြင်းတို့ကို ကျေးရွာမြစိမ်းရောင် ရန်ပုံငွေကြီးကြပ်မှုကော်မတီနှင့် မြစိမ်းရောင်ဘဏ္ဍာရေးဆပ်ကော်မတီတို့မှ တာဝန်ယူဆောင်ရွက်ပေးရပါသည်။ ရပ်မိရပ်ဖအဖွဲ့၊ အုပ်ချုပ်ရေးအဖွဲ့နှင့် လူငယ်အဖွဲ့များမှာကျေးရွာတွင်း သာရေး/နာရေးကိစ္စများ ဆောင်ရွက်ရာတွင် အချင်းချင်းချိတ်ဆက်ဆောင်ရွက်ကြပြီး ကျေးရွာဖွံ့ဖြိုးရေးကိစ္စရပ်များ၊ ပညာရေးနှင့်

ကျန်းမာရေးကိစ္စရပ်များကိုတော့ သက်ဆိုင်ရာဌာနများနှင့်ချိတ်ကာ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအား လုပ်ကိုင်ကြပါသည်။

၅။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(က) သီးနှံစိုက်ပျိုးရေး

ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းကိုသာ အဓိကထားလုပ်ကိုင်ကြပါသည်။ကျေးရွာရှိ အိမ်ထောင်စုအားလုံးမှာ မြေယာပိုင်ဆိုင်မှုအသင့်အတင့်ရှိပြီး မြေယာမဲ့အိမ်ထောင်စုမရှိပါ။ အဓိကအားဖြင့် ကြံနှင့်ပြောင်းတို့ကိုစိုက်ပျိုးကြပြီး စပါးကို အိမ်စားသုံးရန်အတွက်သာ စိုက်ပျိုးကြပါသည်။ စိုက်ပျိုးမြေများအားလုံးမှာ တောင်ယာမြေများဖြစ်ပြီး အနီးအနားတွင် စိုက်ပျိုးရေအတွက် ချောင်းရေများမရှိသည့်အတွက် ရေသွင်းစိုက်ပျိုး၍မရသောကြောင့် မိုးရေကိုသာ အဓိကအားထားရပါသည်။ ကျေးရွာတွင် စိုက်ပျိုးရေးသုံးကိရိယာပိုင်ဆိုင်သူ (၂)ဦးသာရှိပါသည်။တစ်ရွာလုံးမှာ စိုက်ပျိုးရေးကိရိယာအဖြစ် ပေါက်ပြားကိုသာအသုံးပြုကြပြီး ကျွဲ၊ နွားရှိသူများက ကျွဲ၊ နွားဖြင့် ထွန်ယက်စိုက်ပျိုးခြင်းများ ဆောင်ရွက်ကြပါသည်။ စိုက်ပျိုးရေးသုံးကိရိယာကို ငှားရမ်းခြင်းလည်းမပြုကြပါ။

ကျေးရွာတွင် စိုက်ပျိုးသော သီးနှံမျိုးစိတ်များနှင့် ဓါတ်မြေဩဇာများ၊ ဓါတုပိုးသတ်ဆေးများကို ဟိုပန်မြို့နှင့် နယ်စပ်မြို့ဖြစ်သောချင်းရွှေဟော်မြို့နှင့် နမ့်တစ်မြို့တွင် ဝယ်ယူသုံးစွဲကြပါသည်။ သဘာဝမြေဩဇာအဖြစ် နွားချေး၊ ကြက်ချေး၊ ကျွဲချေးနှင့် ဝက်ချေးတို့ကို အသုံးပြုနိုင်သော်လည်း စိုက်ခင်းတွင် အသုံးပြုရန်မလုံလောက်သောကြောင့် အသုံးမပြုကြပါ။ ကျေးရွာမှထွက်ရှိသော စိုက်ပျိုးရေးထွက်ကုန်များကို ဟိုပန်မြို့၊ ချင်းရွှေဟော်မြို့နှင့် နမ့်တစ်မြို့တွင်သာ တင်ပို့ရောင်းချကြပါသည်။

(ခ) မွေးမြူရေးလုပ်ငန်း

ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းကိုသာ အဓိကထားလုပ်ကိုင်ကြသောကြောင့် မွေးမြူရေးလုပ်ငန်းကို စီးပွားဖြစ်မလုပ်ကိုင်ကြပဲ အိမ်စားရန်အတွက်နှင့် ဝယ်သူရှိပါက ရောင်းချနိုင်ရန်အတွက် အနည်းငယ်သာမွေးမြူကြပါသည်။

(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ

စိုက်ပျိုးမွေးမြူရေးမဟုတ်သောဝင်ငွေရလုပ်ငန်းအဖြစ် ကားမောင်းခြင်းဖြင့် အသက်မွေးဝမ်းကျောင်းပြုသူ (၁)ဦးသာရှိပြီး ၎င်းမိသားစုသည်လည်း စိုက်ပျိုးရေးလုပ်ငန်းကို အဓိကလုပ်ငန်းအဖြစ် လုပ်ကိုင်ကြပါသည်။

(ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

တောင်ပေါ်ဒေသဖြစ်၍ လမ်းပန်းဆက်သွယ်ရေး အနည်းငယ်ခက်ခဲသောကြောင့် ဘဏ်နှင့်ငွေကြေးလက်လှမ်းမှီနိုင်မှုမှာ အလွန်အလွန်နည်းပါးပါသည်။ သို့သော် ကျေးလက်ဦးစီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်ပေးထားသော မြစိမ်းရောင်ကျေးရွာစီမံကိန်းမှ အရင်း/အတိုးဆပ်ကာလ(၁၂)လအား အတိုးနှုန်း(၀.၅%)အတိုးနှုန်းသက်သာစွာဖြင့် ချေးငွေရယူနိုင်ပါသည်။

၆။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

(က) ကျေးလက် သယ်ယူပို့ဆောင်ရေး

ကျေးရွာတွင်းလမ်းနှင့် ရွာချင်းဆက်လမ်းများသည် မြေသားလမ်းများဖြစ်ပြီး မိုးရာသီတွင်သွားလာရ ခက်ခဲပါသည်။ ရွာချင်းဆက်လမ်းမှာ ကလောင်အိုကျေးရွာနှင့် (၀/၃)မိုင်၊ ဖတ်ဟာ(ရွာမ)ကျေးရွာနှင့်(၃/၀)မိုင်၊ ဖာကျွတ်ကျေးရွာနှင့်(၂/၀)မိုင်ကွာဝေးပြီး အားလုံးမှာမြေသားလမ်းများ ဖြစ်ပါသည်။ ကျေးရွာတွင်းရှိ အိမ်ထောင်စု(၃၆)စုအနက် (၃၄)စုမှာ ဆိုင်ကယ်နှင့်ကားများပိုင်ဆိုင်ထားကြပြီး ကျန်(၄)စုမှာ သယ်ယူပို့ဆောင်ရေးယာဉ်များ ပိုင်ဆိုင်ထားမှုမရှိပါ။ သို့သော် သွားလာရန်လိုအပ်ပါက ဆီထည့်ပေးခြင်းဖြင့် ဆိုင်ကယ်များကို ငှားရမ်းအသုံးပြုကြပါသည်။

(ခ) ကျေးရွာ မီးလင်းရေး

ကျေးရွာမှာ ဟိုပန်မြို့နှင့် (၁၅/၀)မိုင်ခန့်ကွာဝေးပြီး ၂၀၁၄-၂၀၁၅ခု ဘဏ္ဍာရေးနှစ်နှင့် ၂၀၁၈-၂၀၁၉ ခုဘဏ္ဍာရေးနှစ်တွင် ကျေးလက်ဦးစီးဌာနမှ ဆောင်ရွက်ပေးထားသော ဆိုလာများနှင့် တစ်အိမ်သုံးဆိုလာ ICB-3 လည်းရရှိထားပါသည်။

(ဂ) သတင်းနှင့် ဆက်သွယ်ရေး

ကျေးရွာတွင် မြန်မာဖုန်းတာဝါတိုင်များမရှိပဲ တရုတ်ဖုန်းလိုင်းမရရှိသည်မှာလည်း (၃)လခန့်ရှိပြီဖြစ်သည့်အတွက် ဆက်သွယ်ရခက်ခဲသောကျေးရွာ ဖြစ်ပါသည်။

၇။ ပညာရေး

ကျေးရွာတွင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်ပေးထားသော (၁၀၀')ပတ်လည်ရှိ အခန်း(၃)ခန်းပါ RC တစ်ထပ် မူလတန်းစာသင်ကျောင်းဆောင်ရှိပြီး လက်ရှိပညာသင်ကြားနေသော ကျောင်းသူ/သားဦးရေ (၁၁)ဦးရှိပါသည်။ အလယ်တန်းပညာသင်ကြားသူနှင့် အထက်တန်းပညာသင်ကြားသူ မရှိပါ။ ကျေးရွာရှိ စာသင်ကျောင်းမှာ မူလတန်းကျောင်းသာဖြစ်သောကြောင့် ဆရာ(၁)ဦးနှင့် ဆရာမ(၁)ဦးသာ ခန့်ထားပြီး ဆရာမကို ၂၀၂၁-၂၀၂၂ခု ဘဏ္ဍာရေးနှစ်မှစ၍ ရွှေဝါကျေးရွာ အ.ထ.က (ခွဲ)ကျောင်းသို့ တွဲဖက်ခန့်ထား သည့်အတွက် ကျေးရွာရှိ စာသင်ကျောင်းတွင် လက်ရှိဆရာ(၁)ဦးသာ တာဝန်ယူထားရပါသည်။

၈။ ကျန်းမာရေး

ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲမရှိသော်လည်း ကျေးရွာနှင့် (၂/၀)မိုင်ခန့်ကွာဝေးသော ပန်ကောက်(ကချင်)ကျေးရွာရှိ ကျေးလက်ကျန်းမာရေးဆေးပေးခန်းမှ ကျန်းမာရေးစောင့်ရှောက်မှုများနှင့် ကာကွယ်ဆေးထိုးနှံမှုများကို ပုံမှန်ရရှိပါသည်။ အနည်းငယ်ဖျားနာခြင်းနှင့် သွေးတိုးအနည်းငယ်ဖြစ်ပွားပါက ပန်ကောက်(ကချင်)ကျေးရွာရှိ ကျေးလက်ကျန်းမာရေးဆေးပေးခန်းသို့သာ ကုသမှုခံယူကြပါသည်။ ကျေးလက်ဆေးပေးခန်းမှ ကုသ၍မရနိုင်သော ရောဂါမျိုးဖြစ်မှသာ ကျေးရွာနှင့် (၁၅/၀)မိုင်ခန့်ကွာဝေးသော ဟိုပန်မြို့နယ်ဆေးရုံးသို့ သွားရောက်ကုသမှုခံယူကြပါသည်။

၉။ ဘေးအန္တရာယ်နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်ရာတွင် သဘာဝဓါတ်မြေဩဇာများနည်းပါး၍သော်လည်းကောင်း၊ ဈေးကြီးသော ဓါတုဓါတ်မြေဩဇာများကို မဝယ်နိုင်၍သော်လည်းကောင်း ဈေးနှုန်းအသင့်အတင့်ရှိသော ဓါတုဓါတ်မြေဩဇာများ၊ ပိုးသတ်ဆေးများကိုသာ သုံးစွဲရသောကြောင့် မြေဆီလွှာများပျက်စီးနိုင်ပြီး သဘာဝမှရသော မြေဆီ၊ မြေဩဇာများနည်းပါးလာခြင်းတို့ဖြစ်ပေါ်လာတတ်ပါသည်။ တောမီးလောင်မှုများနှင့် စည်းမဲ့ကမ်းမဲ့သစ်ခုတ်ခြင်းများကြောင့် သစ်တောများပြုန်းတီးလျက်ရှိပြီး သဘာဝသစ်တောများပျက်စီးလာခြင်းကြောင့် ရွာနီးပတ်ဝန်းကျင်ရှိသစ်တောများကို ရွာသူ/သားများက တတ်နိုင်သမျှထိန်းသိမ်းစောင့်ရှောက်ကြရပါသည်။

၁၀။ ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ

ကျေးရွာတွင် ရှေးရိုးစွဲအယူအဆများနှင့် လမ်းပန်ဆက်သွယ်ရေးခက်ခဲမှုများကြောင့် အုပ်ချုပ်မှုစနစ်တွင် အမျိုးသမီးများပါဝင်ခေါင်းဆောင်မှု အားနည်းလျက်ရှိပါသည်။ သို့သော်ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် အမျိုးသမီးများအနေဖြင့် တက်ကြွစွာပါဝင်ဆောင်ရွက်လျက်ရှိပါသည်။

၁၁။ ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး

ကျေးရွာတွင် လူငယ်များအတွက် သီးသန့်အနားယူအပန်းဖြေစရာနေရာမရှိသော်လည်း ရာသီအလိုက် ရိုးရာပွဲတော်များ၊ ဘာသာရေးပွဲတော်များကိုတော့ အလေးထားဆောင်ရွက်ကြပါသည်။ လူမှုရေးလုပ်ငန်းများတွင် ကျေးရွာတွင်ကျန်ရှိသောလူငယ်များမှာ တက်ညီလက်ညီပါဝင်ဆောင်ရွက်ကြပါသည်။ ကျေးရွာတွင် လူငယ်များ ဗဟုသုတလေ့လာရန်အတွက် စာကြည့်တိုက်မရှိသည့်အတွက် အသိပညာဗဟုသုတများနှင့် စဉ်းစားချင့်ချိန်နိုင်စွမ်းများ လျော့ကျပါသည်။ သို့သော်လည်း ကျေးရွာအတွင်းရှိ ကျေးရွာသူ/သားများမှာ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ၊ ဘာသာရေးလုပ်ငန်းများ ၊ ရိုးရာဓလေ့ထုံးစံများနှင့် ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ခြင်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါသည်။

၁၂။ ကျေးရွာတည်ငြိမ်ရေးနှင့် ဘေးကင်းလုံခြုံရေး

ကျေးရွာတွင် တရားဥပဒေစိုးမိုးမှုမရှိသော်လည်း မှုခင်းဖြစ်ပွားမှုများ မရှိပါ။

၁၃။ ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ

စဉ်	စီမံချက် (Project)	ဦးစားပေး အဆင့်	၂၀၂၁	၂၀၂၂	၂၀၂၃	၂၀၂၄	၂၀၂၅
၁	ကျေးရွာတွင်း ကျောက်ချောလမ်းခင်းခြင်း	၁	✓	✓			
၂	ကျေးလက်လမ်းအဆင့်မြှင့်တင်ခြင်း (သီးနှံကုန်ထုတ်လမ်း)	၂		✓	✓		
၃	ရေတားတမံတည်ဆောက်ခြင်း(၅၀'x၄၀'x၅')	၃			✓	✓	
၄	ဆက်သွယ်ရေးတာဝါတိုင်ဆောက်လုပ်ခြင်း	၄		✓	✓	✓	✓
၅	ဆိုလာမီးများ ဆောင်ရွက်လိုခြင်း	၅		✓	✓	✓	✓

အပိုင်း (ခ)

စီမံချက်ဆိုင်ရာ အချက်အလက်များ

နောက်ဆက်တွဲ (၃)

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)

စီမံကိန်း အဆိုပြုလွှာ

၁။ **တိုင်းဒေသကြီး/ပြည်နယ်** – ရှမ်းပြည်နယ်(မြောက်ပိုင်း)

၂။ **ခရိုင်** – ဟိုပန်

၃။ **မြို့နယ်** – ဟိုပန်

၄။ **ကျေးရွာအုပ်စု** – ဖတ်ဟာ

၅။ **ကျေးရွာ** – တာရှောက်ထန်

၆။ **အကျိုးခံစားရမည့်အိမ်ထောင်စု** – (၃၆)စု

၇။ **အကျိုးခံစားရမည့်လူဦးရေ** – (၂၀၂)ဦး

၈။ **ကျေးရွာ၏ စီမံကိန်းရယူရန် လိုအပ်ကြောင်း ရှင်းလင်းဖော်ပြချက်**

ကျေးရွာသည် တောင်ပေါ်ရွာလေးဖြစ်ပြီး မိုးတွင်းနှင့် မိုးများသည့် အချိန်ကာလများတွင် ကျေးရွာတွင်း တစ်နေရာမှ တစ်နေရာသို့ သွားလာရာတွင် လမ်းပေါ်များ၌ ရေအိုင်ခြင်း၊ ပွတ်ထခြင်း လမ်းချော်ခြင်းများ ဖြစ်ပါသဖြင့် သက်ကြီးရွယ်အိုများ၊ ကလေးသူငယ်များ ညသန်ခေါင်ချိန် ကျန်းမာရေးကိစ္စများနှင့်သွားလာရာတွင် အခက်အခဲများ ဖြစ်ပေါ်နေပါသည်။ ကျေးရွာတွင်း တစ်နေရာမှ တစ်နေရာသို့ သွားလာရာလမ်း ခက်ခဲနေမှု သွားလာရေးလွယ်ကူ အဆင်ပြေသွားစေရန် ကျေးရွာတွင်းလမ်းကျောက်ချောခင်းခြင်း လုပ်ငန်းဆောင်ရွက်လို ပါသည်။ ကျေးရွာတွင် ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးသွားမည်ဆိုပါက ကျေးရွာသူ/သားများတစ်နေရာမှ တစ်နေရာသို့ သွားလာရာတွင် အဆင်ပြေသွားပါမည်။

၉။ **စီမံကိန်းရရှိပါက ကျေးရွာမှ ပါဝင်ဆောင်ရွက်မည့် အစီအစဉ်များ** (လူထု၊ လုပ်အား ထည့်ဝင်ငွေ စသည်)

(က) **စီမံချက်ရေးဆွဲခြင်း** – ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း(VDP) စီမံချက်ရေးဆွဲနည်းသင်တန်း တတ်ရောက်ထားသော ကျေးရွာမှ စေတနာ့ဝန်ထမ်း(၂)ဦးတို့ ဦးဆောင်၍ စီမံချက်ရေးဆွဲခြင်းအား ဆောင်ရွက်သွားပါမည်။

(ခ) **ဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ခြင်း** – ကျေးရွာတွင်းလမ်းကျောက်ချောခင်းခြင်းလုပ်ငန်း စတင် အကောင်အထည်ဖော် ဆောင်ရွက်လျှင် ငွေအား/လူအား/ ပစ္စည်းအင်းအားများပါဝင်သွား ပါမည်။ ကျေးရွာဖွံ့ဖြိုး တိုးတက်ရေးလုပ်ငန်း ကော်မတီမှလည်း စည်းရုံးလှုံဆော် သွားမည်။

၁၀။ သို့ဖြစ်ပါ၍ မိမိတို့ကျေးရွာအနေဖြင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ခွင့်ရရှိပါက စီမံကိန်းမှ သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် ကျေးရွာမှ ပါဝင်ဆောင်ရွက်ပေးရမည့်လုပ်ငန်းများတွင် ပြည့်ပြည့်ဝဝဖြင့် တက်ကြွစွာပူးပေါင်း ပါဝင်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဝန်ခံကတိပြုအပ်ပါသည်။

အုပ်ချုပ်ရေးမှူး ရပ်မိရပ်ဖ

နောက်ဆက်တွဲ (၁)

တာရှောက်ထန်ကျေးရွာ ၊ ဖတ်ဟာကျေးရွာအုပ်စု၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း

စဉ်	အမည်	အဘအမည်	မှတ်ပုံတင်အမှတ်	အသက်	တာဝန်	ဖုန်းနံပါတ်
၁။	ဦးလောဟွာ	ဦးရှော်ချန်း	၁၃/ဟပတ(နိုင်) ဝ၁၅၆၂၅	၃၅	ဥက္ကဋ္ဌ	၀၉-၈၈၁၉၁၄၄၅
၂။	ဦးရန်ဆုံး	ဦးလောဝူ	၁၃/ဟပတ(နိုင်) ဝ၂၇၃၆၈	၂၄	ဘဏ္ဍာရေးမှူး	၀၉-၃၄၀၂၁၆၅၈၀
၃။	ဒေါ်အက်မောင်	ဦးရှောက်လျန်	-	၂၄	စာရင်းကိုင်	-
၄။	ဦးချောက်ဖား	ဦးယောချန်	-	၃၆	သော့ကိုင် (၁)	-
၅။	ဒေါ်ရှောက်ဖန်း	ဦးကွမ်းလျန်	-	၃၃	သော့ကိုင် (၂)	-
၆။	ဦးကျန်ဝမ်း	ဦးကွမ်းမြင်	၁၃/ဟပတ(နိုင်) ဝ၁၆၈၀၀	၃၉	အဖွဲ့ဝင်	၀၉-၂၆၄၅၀၂၇၃၅
၇။	ဦးရှောက်ချိန်	ဦးရှောက်ချန်	-	၄၁	အတွင်းရေးမှူး	-

နောက်ဆက်တွဲ (၂)

ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

(ခ) ကျေးရွာလူမှုစီးပွားရေးအခြေအနေ

(က) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား (ခ) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း	မသန်စွမ်းသူ အရေအတွက်	
					ကျား	မ
၁ နှစ် အောက်	နို့စို့အရွယ်	၃	၂	၅	-	-
၁ နှစ်မှ ၄ နှစ်	၅ နှစ်အောက်ကလေးငယ်	၇	၉	၁၆	-	-
၅ နှစ်မှ ၉ နှစ်	မူလတန်းကျောင်းသားအရွယ်	၇	၄	၁၁	-	-
၁၀ နှစ်မှ ၁၄ နှစ်	အလယ်တန်းကျောင်းသားအရွယ်	၁၀	၁၅	၂၅	-	-
၁၅ နှစ်မှ ၆၄ နှစ်	အလုပ်လုပ်နိုင်သည့်အရွယ်	၆၉	၅၅	၁၂၄	-	-
၆၅ နှစ် နှင့် အထက်	သက်ကြီးရွယ်ကြီး	၆	၆	၁၂	-	-
စုစုပေါင်း		**၁၀၂**	**၉၁**	**၁၉၃**	**-**	**-**
စုစုပေါင်း အိမ်ထောင်စု		**၃၆**				

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။အသက်အုပ်စု၁နှစ်အောက်ဆိုသည်မှာမွေးကင်းစမှအသက်(၁)နှစ်မပြည့်မီအရွယ်၊ ၁နှစ်မှ၄နှစ်ဆိုသည်မှာ အသက်(၁)နှစ်ပြည့်အရွယ်မှ(၅) နှစ်မပြည့်မီအရွယ်၊ ၅နှစ်မှ၉နှစ်ဆိုသည်မှာအသက် (၅) နှစ်ပြည့်သည်မှအသက်(၁၀) နှစ်မပြည့်မီအရွယ်၊ ၁၀နှစ်မှ၁၄နှစ်ဆိုသည်မှာ အသက်(၁၀)နှစ်ပြည့်သည်မှ အသက်(၁၅)နှစ်မပြည့်မီအရွယ်၊ ၁၅နှစ်မှ၆၄နှစ်ဆိုသည်မှာ အသက်(၁၅)နှစ်ပြည့်သည်မှ အသက်(၆၅)နှစ်မပြည့်မီအရွယ်၊ အသက်၆၅နှစ်နှင့်အထက် ဆိုသည်မှာအသက် (၆၅) နှစ်ပြည့်အရွယ်နှင့်၎င်းထက်အသက်ကြီးသည့်အရွယ်များကိုဆိုလိုသည်။

လေ့လာတွေ့ရှိချက်။။။ ကျေးရွာတွင် နို့စို့အရွယ်ကလေးငယ် (၅)ဦး (၂.၅၉%)၊ (၅)နှစ်အောက်ကလေးငယ် (၁၆)ဦး (၈.၂၉%)၊ ကျောင်းနေအရွယ်ကလေးများ (၃၆)ဦး (၁၈.၆၅%)၊ အလုပ်လုပ်နိုင်သည့်အရွယ်မှာ (၁၂၄)ဦး (၆၄.၂၅%)နှင့် သက်ကြီးရွယ်အို (၁၂)ဦး(၆.၂၂%)ရှိပြီး ကျေးရွာတွင် အလုပ်လုပ်နိုင်သောသူများပါသည်။ ထို့ပြင် အမျိုးသားဦးရေသည် အမျိုးသားဦးရေထက် (၅.၇%)ခန့် ပိုများပါသည်။

(ခ) အလုပ်လုပ်နိုင်သူအင်အား

(ခ-၁) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီး မှန်ရာတစ်ခုကို သာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင် သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
စိုက်ပျိုးစီးပွား လုပ်ငန်းများ								
၁	**လယ်ယာစိုက်ပျိုးရေး**							
	ကိုယ်ပိုင် လုပ်ငန်း	၃၆	၉၄	၂	၅၆	၃၈	-	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
၂	**တိရစ္ဆာန် မွေးမြူရေး**							
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	-	-	၃၄	မြင့် ☐ လတ်☑ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
၃	**ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)**							
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
၄	**သစ်တောလုပ်ငန်း**							
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ								
၅	**သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း**							
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
၆	**ထုတ်ကုန်လုပ်ငန်း**							
	ကိုယ်ပိုင်	-	-	-	-	-	-	မြင့် ☐ လတ်☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီး မှန်ရာတစ်ခုကို သာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
	လုပ်ငန်း							နိမ့် □
	အလုပ်သမား / ဝန်ထမ်း	-	-	-	-	-	-	မြင့် □ လတ်□ နိမ့် □
၇	**လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး**							
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	-	-	-	မြင့် □ လတ်□ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	-	-	-	-	-	-	မြင့် □ လတ်□ နိမ့် □
၈	**ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း**							
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	-	-	-	မြင့် □ လတ်□ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	-	-	-	-	-	-	မြင့် □ လတ်□ နိမ့် □
၉	**ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး**							
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	-	-	-	မြင့် □ လတ်□ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	-	-	-	-	-	-	မြင့် □ လတ်□ နိမ့် □
၁၀	**ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)**							
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	-	-	-	မြင့် □ လတ်□ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	-	-	-	-	-	-	မြင့် □ လတ်□ နိမ့် □
၁၁	**လက်လီ– လက်ကား ရောင်းဝယ်ရေး**							
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	-	-	-	မြင့် □ လတ်□ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	-	-	-	-	-	-	မြင့် □ လတ်□နိမ့် □
၁၂	**ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း**							

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီး မှန်ရာတစ်ခုကို သာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
	ကိုယ်ပိုင်လုပ်ငန်း	-	-	-	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
၁၃	**ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး**							
	ကိုယ်ပိုင်လုပ်ငန်း	-	-	-	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
၁၄	**ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)**							
	ကိုယ်ပိုင်လုပ်ငန်း	-	-	-	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
၁၅	**အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ**							
	ကိုယ်ပိုင်လုပ်ငန်း	-	-	-	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
၁၆	**ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ကာကွယ်ရေးနှင့်ဘေးကင်းလုံခြုံရေး)**							
	ကိုယ်ပိုင်လုပ်ငန်း	-	-	-	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
၁၇	**ပညာရေး**							
	ကိုယ်ပိုင်လုပ်ငန်း	-	-	-	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီး မှန်ရာတစ်ခုကို သာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
၁၈	**ကျန်းမာရေး**							
	ကိုယ်ပိုင်လုပ်ငန်း	-	-	-	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
၁၉	**လူမှုရေး လုပ်ငန်းများ**							
	ကိုယ်ပိုင်လုပ်ငန်း	-	-	-	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
၂၀	**အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ**							
	ကိုယ်ပိုင်လုပ်ငန်း	-	-	-	-	-	-	☒
	အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား	-	-	-	-	-	-	
၂၁	**ပြင်ပအဖွဲ့အစည်းများနှင့်ကုမ္ပဏီများတွင်လုပ်ကိုင်သူများ**							
	ကိုယ်ပိုင်လုပ်ငန်း	-	-	-	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
	စုစုပေါင်း	၃၆	၉၄	၂	၅၆	၃၈	၃၄	☒

ရင်းမြစ် ... (၁) **အိမ်ထောင်စုစာရင်းကောက်ယူမှု၊** (၂) **ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။**

မှတ်ချက်။ ။**"အခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူများ"**အရေအတွက်တွင် **"မိသားစုဝင်လုပ်အား"** ထပ်မံထည့်သွင်းကောက်ယူခြင်း မပြုရပါ။ "ရပ်တည်နိုင်မှု **(**နိမ့်၊ လတ်၊ မြင့်**)"** ဆိုသည်မှာ ဖော်ပြပါလုပ်ငန်းတစ်ခုတွင် ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ **(**သို့မဟုတ်**)** အလုပ်သမား**/** ဝန်ထမ်းအဖြစ်လုပ်ကိုင်လိုသူများအတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှုအခြေအနေကို ဆိုလိုပါသည်။ ဥပမာ -"စိုက်ပျိုးရေး" ကဏ္ဍ၏ "ကိုယ်ပိုင်လုပ်ငန်း" တွင်ရပ်တည်နိုင်မှု "မြင့်"ဆိုပါကအဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်း တစ်ခုလုပ်ကိုင်ရန်အခွင့်အလမ်း များနေသည်ဟု ဆိုလိုပါသည်။

လေ့လာတွေ့ရှိချက်။ ။ ကျွန်တော်တို့ကျေးရွာသည် စိုက်ပျိုးရေးလုပ်ငန်းကိုသာ အဓိကထားလုပ်ကိုင်ကြသော ကျေးရွာဖြစ်ပြီး ကျေးရွာတွင် အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူများ၏ မိသားစုဝင်များမှာလည်း စိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ကြသောကြောင့် တစ်ရွာလုံး၏ အဓိကဝင်ငွေရလုပ်ငန်းများမှာ စိုက်ပျိုးရေးလုပ်ငန်းသာဖြစ်ပါသည်။ကိုယ်ပိုင်စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူမှာ တစ်ရွာလုံး(၃၆)အိမ်ထောင်စုရှိပြီး နေ့စားလုပ်ကိုင်သူနှင့် ကျဘမ်းလုပ်ကိုင်သူများ မရှိကြပါ။ စိုက်ပျိုးရေးလုပ်ငန်းအတွက် နေ့စားငှားရမ်းမည်ဆိုပါက လွယ်ကူသော်လည်း ရွာအများ၏ ဓလေ့ထုံးတမ်းအရ အခကြေးငွေမယူပဲ မိမိတို့၏လယ်/ယာများတွင် အလှည့်ကျစနစ်ဖြင့် အချင်းချင်းကူညီပေးကြပါသည်။

(ခ-၂) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား

စဉ်	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၁	လယ်ယာစိုက်ပျိုးရေး	နေ့စား	၈၀၀၀	၇၀၀၀	၆၀၀၀	၆၀၀၀
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား	-	-	-	-
၃	ငါးလုပ်ငန်း (ရေချို/ရေငန်ငါးဖမ်းခြင်း၊ မွေးမြူခြင်း)	နေ့စား	-	-	-	-
၄	သတ္တုတူးဖော်ရေး၊ကျောက်ထုတ် လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း	နေ့စား	-	-	-	-
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား	-	-	-	-
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား	-	-	-	-
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများပြင်ဆင်ရေး	နေ့စား	-	-	-	-
၈	လက်လီ-လက်ကား ရောင်းဝယ်ရေး	နေ့စား	-	-	-	-
၉	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်)	နေ့စား	-	-	-	-
၁၀	ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း	နေ့စား	-	-	-	-

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လယ်သမားအုပ်စု။

မှတ်ချက်(၁) လခစားအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (လစာ÷၂၂.၇၅)

(၂) နာရီတွက်ဖြင့်ရသောအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ×၈)

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းကိုသာ အဓိကထားလုပ်ကိုင်ကြသဖြင့် စိုက်ပျိုးရေးအတွက် လုပ်သားငှားရမ်းမည်ဆိုပါက အခကြေးငွေကို ကျား/မတန်းတူ ခံစားခွင့်မရှိပဲ အမျိုးသမီးများမှာ အမျိုးသားများထက် အခကြေးငွေရရှိမှု နည်းပါးကြောင်း တွေ့ရှိရပါသည်။

(ဂ) သဘာဝရင်းမြစ်များ

(ဂ-၁) စိုက်ပျိုးနိုင်သောမြေဧရိယာ

ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာအရည်အသွေး (မှန်ရာတစ်ခုကိုသာရွေးရန်)

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာအရည်အသွေး (မှန်ရာတစ်ခုကိုသာရွေးရန်)		
လယ်မြေ	-	ကောင်း ☐	သင့်☐	ညံ့ ☐
ယာမြေ / တောင်ယာမြေ	၁၄၅	ကောင်း ☑	သင့်☐	ညံ့ ☐
ဥယျာဉ်ခြံမြေ	-	ကောင်း ☐	သင့်☐	ညံ့ ☐
ကိုင်း/ကျွန်းမြေ	-	ကောင်း ☐	သင့်☐	ညံ့ ☐
ခရိတောမြေ	-	ကောင်း ☐	သင့်☐	ညံ့ ☐
စားကျက်မြေ	-	ကောင်း ☐	သင့်☐	ညံ့ ☐
မြေလွတ်မြေလပ်	-	ကောင်း ☐	သင့်☐	ညံ့ ☐
စုစုပေါင်း	**၁၄၅**	☒		

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။မြေလွတ်မြေလပ်ဆိုသည်မှာ ယခင်ကသီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့် စွန့်လွတ်ထားသည့်သီးစားခံယူလုပ်ကိုင်သူမရှိသောစိုက်ပျိုးရေး(သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့်မြေနှင့် နိုင်ငံတော်ကသီးသန့်လျာထားသတ်မှတ်သည့် မြေများကိုဆိုသည်။

လေ့လာတွေ့ရှိချက်။ ။ကျွန်တော်တို့ကျေးရွာသည် တောင်ပေါ်ဒေသဖြစ်သည့်အတွက် လယ်ကွက်များမရှိပဲ စိုက်ပျိုးမြေများအားလုံးမှာ ယာမြေ/တောင်ယာမြေများဖြစ်ပြီး စုစုပေါင်းမြေဧကမှာ (၁၄၅)ဧကရှိပါသည်။

(ဂ-၂) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင်သဘာဝအတိုင်းတွေ့ရှိနိုင်မှု(မှန်ရာ တစ်ခုကိုသာ ရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)	လွန်ခဲ့သော(၁၀)နှစ်က အခြေအနေ(မှန်ရာ တစ်ခုကိုသာရွေးရန်)
သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ ကျောက်မျက်စသည်။)	များ ☐ သင့်☐ နည်း ☐ မရှိ ☐	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐
ကျောက်၊ သဲ၊ ကျောက်စရစ်စသည်များ	များ ☐ သင့်☑ နည်း ☐ မရှိ ☐	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☑	လျော့ ☐ တိုး☐ အပြောင်းအလဲမရှိ ☑
သဘာဝအပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ)	များ ☐ သင့်☐ နည်း ☐ မရှိ ☐	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐
သဘာဝတိရစ္ဆာန်မျိုးစိတ်များ	များ ☐ သင့်☐ နည်း ☐ မရှိ ☐	☒	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐
ရေ - မြေပေါ်ရေ(အင်း၊ အိုင်၊ကန်၊ ချောင်း၊ မြစ်၊ စိမ့်စမ်း)	များ ☐ သင့်☐ နည်း ☐ မရှိ ☐	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐

အမျိုးအစား	**ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင်သဘာဝအတိုင်းတွေ့ရှိနိုင်မှု**(မှန်ရာတစ်ခုကိုသာ ရွေးရန်)	**အသုံးချနိုင်မှု** (မှန်ရာတစ်ခုကိုသာ ရွေးရန်)	**လွန်ခဲ့သော(၁၀)နှစ်က အခြေအနေ**(မှန်ရာတစ်ခုကိုသာရွေးရန်)
ရေ - မြေအောက်ရေ (တွင်းတိမ်၊ တွင်းနက်၊လက်တူးတွင်း)	များ □ သင့်□ နည်း □ မရှိ □	လွယ် □ ခက်□ အသုံးမပြုနိုင်ပါ □	လျော့ □ တိုး □ အပြောင်းအလဲမရှိ □
သစ်တော - အပူပိုင်းသစ်တော	များ □ သင့်□ နည်း □ မရှိ □	လွယ် □ ခက်□ အသုံးမပြုနိုင်ပါ □	လျော့ □ တိုး □ အပြောင်းအလဲမရှိ □
သစ်တော - ဒီရေတောများ	များ □ သင့်□ နည်း □ မရှိ □	လွယ် □ ခက်□ အသုံးမပြုနိုင်ပါ □	လျော့ □ တိုး □ အပြောင်းအလဲမရှိ □

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု၊သစ်တောဦးစီးဌာန၊အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာအနီးနားတွင် ကျောက်တောင်များကို အသင့်အတင့်တွေ့ရှိနိုင်သော်လည်း ရွာပိုင်မဟုတ်ခြင်းနှင့် ကျောက်တောင်သွားရာလမ်း ခက်ခဲခြင်းတို့ကြောင့် ယူသုံးရန်မလွယ်ကူလှပါ။ ကျေးရွာအနီးနားတွင် ကျောက်တောင်အနည်းငယ်သာ တွေ့ရှိနိုင်ပြီး အခြားသော သယံဇာတထွက်ရှိမှု မရှိပါ။

(ဃ) ဥစ္စာဓနအဆင့်အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့်အခြေအနေ

အကြောင်းအရာ	**သတ်မှတ်စံနှုန်း**			
	အဆင်ပြေသော အိမ်ထောင်စု	**အလယ်အလတ်ရှိသောအိမ်ထောင်စု**	**မပြေလည်သော အိမ်ထောင်စု**	**အလွန်မပြေလည်သော အိမ်ထောင်စု**
မြေယာပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	အလွန်နည်း (သို့) မရှိ
အိမ်အခြေအနေ	အလွန်ကောင်း	အသင့်အတင့် ကောင်း	ညံ့	အလွန်ညံ့
ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သောပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	မရှိ
အဓိကစီးပွားရေး လုပ်ငန်း	စီးပွား(ဝင်ငွေ) အလွန်ကောင်း	စီးပွား(ဝင်ငွေ) အသင့်အတင့်	စီးပွား(ဝင်ငွေ) နည်း	စီးပွား(ဝင်ငွေ) အလွန်နည်း
အိမ်ထောင်စု	**၁၈**	**၁**	**၆**	**၁၁**

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ်အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် အိမ်ခြေ၊ အိမ်ထောင်စု (၃၆)စုရှိပြီး လုံးဝအဆင်မပြေသော အိမ်ထောင်စု (၁၁)စု သာရှိသော်လည်း ကိုယ်ပိုင်စိုက်ပျိုးမြေကော အနည်းဆုံး(၂)ဧကတော့ ပိုင်ဆိုင်ထားကြပြီး ကျန်အိမ်ထောင်စုများမှာ အလယ်အဆင့်များသာဖြစ်ပါသည်။

(c) ထိခိုက်လွယ်မှု

(c-၁) ဝမ်းစာဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲတစ်နေ့လျှင်အနည်းဆုံးနှစ်နပ်စားနိုင်သည့်အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် "၃" နှင့်

"၄" အိမ်ထောင်စုပေါင်း၏ ၃၀ရာခိုင်နှုန်းစီ)

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	အမျိုးသမီး ဦးဆောင်သည့် အိမ်ထောင်စု အရေအတွက်	ဖြေရှင်းသည့်နည်းဗျူဟာ (ဖြေရှင်းနည်းတစ်ခုစီအလိုက်အိမ်ထောင်စု အရေအတွက်များကိုဖော်ပြရန်)
၃လအောက် ဝမ်းစာဖူလုံမှု	-	-	အခြားအစာပြောင်းလဲစား = ၀ အစာလျှော့စား = ၀ အထောက်အပံ့ယူ = ၀ ချေးယူ = ၀ လုပ်အားခကြိုယူ = ၀
၃လနှင့်ဖြလကြား ဝမ်းစာဖူလုံမှု	-	-	အခြားအစာပြောင်းလဲစား = ၀ အစာလျှော့စား = ၀ အထောက်အပံ့ယူ = ၀ ချေးယူ = ၀ လုပ်အားခကြိုယူ = ၀
ဖြလမှ၁၂လအထိ ဝမ်းစာဖူလုံမှု	-	-	အခြားအစာပြောင်းလဲစား = ၀ အစာလျှော့စား = ၀ အထောက်အပံ့ယူ = ၀ ချေးယူ = ၀ လုပ်အားခကြိုယူ = ၀

ရင်းမြစ်..ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏၃၀ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် ဥစ္စာဓနအဆင့် (၃) နှင့် (၄)များရှိသော်လည်း ၎င်းတို့မှာ ကိုယ်ပိုင်စိုက်ပျိုးမြေကေအနည်းငယ်ရှိပြီး မိသားစုစားသောက်ရန်အတွက် စပါးအနည်းငယ်နှင့် စီးပွားဖြစ်ပြောင်းအနည်းငယ်ကိုလည်း စိုက်ပျိုးကြပါသောကြောင့် တစ်မိသားစုလုံးအတွက် တစ်နေ့(၃)နပ်စာ ဝမ်းစာဖူလုံမှုရှိသည့်အတွက် အခြားနည်းဖြင့် ဝမ်းစာဖူလုံမှုအတွက် ဖြေရှင်းခြင်းမလိုအပ်ပါ။

(c-၂) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ
ဇယား (၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အိုဖြင့်နှစ်နှင့်အထက်	၁	၁	၂
မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့်ပုဂ္ဂိုလ်	-	-	-
	အိမ်ထောင်စုအရေအတွက်		
ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင်အိမ်ထောင်စု	၁		
ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ်အိမ်ထောင်စု	-		

အကြောင်းအရာ	ကျား	မ	ပေါင်း
အခြားဒေသသို့ ကြာမြင့်စွာသွားရောက်နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု	-		

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် အမျိုးသမီးဦးစီးသော အိမ်ထောင်စု(၃)စုသာရှိပြီး ၎င်းတို့သည်လယ်ဧက(၂)ဧကစီ ပိုင်ဆိုင်ထားကာ ဝမ်းစာဖူလုံမှုရှိခြင်းနှင့် မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အိုမိသားစု(၁)စုရှိသော်လည်း ၎င်းတို့မှာ လယ်ဧက(၅)ဧကရှိပြီး ဝမ်းစာဖူလုံမှုရှိခြင်းတို့ကြောင့် အထူးစောင့်ရှောက်မှုတော့ မလိုအပ်ပါ။

(c-၃) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေ

ဇယား (၉) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေနှင့်ဘေးအန္တရာယ်လျော့ချရေးအစီအမံများ

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်)			စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ)		
	သဘာဝဘေးအန္တရာယ်များ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်
၁	မြစ်ရေကြီးမှု	-	-	-	-	-	-
၂	လျှပ်တပြတ်ရေကြီးခြင်း	-	-	-	-	-	-
၃	မုန်တိုင်းဒီရေ	-	-	-	-	-	-
၄	ဆူနာမီ	-	-	-	-	-	-
၅	တိုင်ဖုန်းမုန်တိုင်း	-	-	-	-	-	-
၆	လေဆင်နှာမောင်း	-	-	-	-	-	-
၇	ငလျင်	✓	-	-	-	-	-
၈	အပူလှိုင်း	-	-	-	-	-	-
၉	စိုက်ပျိုးမြေများတွင်ရေငံဝင်ရောက်မှု	-	-	-	-	-	-
၁၀	အအေးလှိုင်း	-	-	-	-	-	-
၁၁	မိုးသီးကြွေကျမှု	-	-	-	-	-	-
၁၂	မိုးခေါင်ခြင်း	✓	-	-	-	-	-
၁၃	တောမီးလောင်ခြင်း	✓	-	-	-	-	-
၁၄	မြစ်ကမ်းပါးပြိုခြင်း	-	-	-	-	-	-
၁၅	ကမ်းရိုးတန်းတိုက်စားမှု	-	-	-	-	-	-
၁၆	မြေပြိုခြင်း	-	-	-	-	-	-
	လူကြောင့်ဖြစ်တဲ့ဘေးအန္တရာယ်များ	**နိမ့်**	**လတ်**	**မြင့်**	**နိမ့်**	**လတ်**	**မြင့်**
၁၇	စားနပ်ရိက္ခာမဖူလုံမှု	-	-	-	-	-	-
၁၈	သဘာဝအရင်းအမြစ်ရှားပါးမှု (မြေ၊ရေ)	-	-	-	-	-	-

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်)			စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ)		
၁၉	မြေပြိုခြင်း၊မြေဆီလွှာပျက်စီးခြင်း	-	-	-	-	-	-
၂၀	သစ်တောပြုန်းတီးခြင်း	-	-	-	-	-	-
၂၁	၄က်ဖျားရောဂါ	-	-	-	-	-	-
၂၂	တီဘီရောဂါ	-	-	-	-	-	-
၂၃	ကိုယ်ခံအားကျဆင်းမှုရောဂါ	-	-	-	-	-	-
၂၄	ကပ်ရောဂါ	-	-	-	-	-	-
၂၅	ပြည်တွင်းပဋိပက္ခ	-	-	-	-	-	-
၂၆	တိရစ္ဆာန်ကူးစက်ရောဂါကျရောက်မှု	✓	-	-	-	-	-
၂၇	လူကုန်ကူးခြင်း	-	-	-	-	-	-
၂၈	ဝေးလံခေါင်သီ/လမ်းပန်းဆက်သွယ်ရေး ခက်ခဲခြင်းစသည်	✓	-	-	-	-	-

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လူငယ်အုပ်စု။

မှတ်ချက်။ ။ထိခိုက်သက်ရောက်လွယ်မှုဆိုရာ၌ ကျေးရွာတွင်စားနပ်ရိက္ခာမဖူလုံခြင်း၊ ရေကြီးခြင်း၊ မိုးခေါင်ခြင်း စသည့်အခြေအနေများဖြစ်ပေါ်ခြင်းရှိပါက ယင်းဖြစ်စဉ်များအတွက် ကျေးရွာသူရွာသားများထိခိုက်သက်ရောက်မှု ရှိနိုင်ပါသလား။ထိခိုက်မှုရှိပါကကျေးရွာ၏ မည်သို့သောအိမ်ထောင်စုများနှင့် အိမ်ထောင်စုမည်မျှထိခိုက်သက်ရောက်မှုခံစားကြရပါသလဲ။ (ဥပမာ။ ။ အိမ်ထောင်စု၁၀၀တွင် ၂၅အိမ်ထောင်စုအောက် - နိမ့်

အိမ်ထောင်စု၁၀၀တွင် ၂၅မှ၅၀အိမ်ထောင်စု - လတ်

အိမ်ထောင်စု၁၀၀တွင် ၅၀အိမ်ထောင်စုအထက် - မြင့်)

လေ့လာတွေ့ရှိချက်။ ။ကျေးရွာ၏ ထိခိုက်သက်ရောက်မှုနှင့်ပတ်သက်၍ မိမိတို့ကျေးရွာသည် ဟိုပန်မြို့နှင့်(၁၅/၀)မိုင်ခန့်ကွာဝေးပြီး အနည်းငယ်ဝေးလံသော ဒေသဖြစ်သည့်အပြင် ဆက်သွယ်ရေးခက်ခဲသောကျေးရွာလည်းဖြစ်ကာ တစ်ခါတစ်ရံတွင် မိုးခေါင်ခြင်း၊ ငလျင်လှုပ်ခြင်းနှင့် တောမီးလောင်ခြင်းအနည်းငယ် ဖြစ်ပေါ်တတ်ပါသည်။

(c-၄) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်)			စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ)		
	သဘာဝဘေးအန္တရာယ်များ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်
၁	လူငယ်	-	-	-	-	-	-
၂	အမျိုးသမီးဦးဆောင်သည့်ဆင်းရဲသည့်အိမ်ထောင်စု	-	-	-	-	-	-

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှု အခြေအနေ (မှန်ရာ တစ်ခုကိုသာရွေးရန်)			စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့် လိုက်လျောညီထွေဖြစ်စေမည့် အစီအမံများ)		
	သဘာဝဘေးအန္တရာယ်များ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်
၃	ဆင်းရဲသားတောင်သူ	-	-	-	-	-	-
၄	သဘာဝဘေးဒဏ်ဆိုးရွားစွာ ကျရောက်နိုင်သော အိမ်ထောင်စု/ကူးစက်ရောဂါထူပြောသောဒေသတွင် နေထိုင်သူ	-	-	-	-	-	-
၅	ပင်လယ်/မြစ်ကမ်းဘေးနေထိုင်သူများ	-	-	-	-	-	-
၆	မတော်တဆမှုဖြစ်နိုင်ချေများသောနေရာတွင်နေထိုင်သူများ	-	-	-	-	-	-
၇	ပြည်တွင်းနေရပ်စွန့်ခွါရွှေ့ပြောင်းခံရသူများ (IDP)	-	-	-	-	-	-
၈	မြေနိမ့်ပိုင်းနေထိုင်သူများ	-	-	-	-	-	-
၉	ငါးကန်ပိုင်ရှင်များ	-	-	-	-	-	-
၁၀	လက်လုပ်လက်စားများ၊ကျပန်းများ	-	-	-	-	-	-
၁၁	လူနည်းစုလူမျိုးများ	-	-	-	-	-	-
၁၂	ဒေသတွင်းပဋိပက္ခဧရိယာတွင်နေထိုင်သူများ	-	-	-	-	-	-
၁၃	နယ်စပ်ဒေသတွင်နေထိုင်သူများ	-	-	-	-	-	-
၁၄	ရွှေတွင်းလုပ်သားများ	-	-	-	-	-	-
၁၅	လှည့်လည်သွားလာ၍ဈေးရောင်းသူများ	-	-	-	-	-	-
၁၆	နေရပ်ပြန်အခြေချသူများ	-	-	-	-	-	-
၁၇	ရွှေ့ပြောင်းလုပ်သားများ	-	-	-	-	-	-
၁၈	ကားမောင်းပြီးအသက်မွေးသူများ	-	-	-	-	-	-

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု။

မှတ်ချက်။ ။ကျေးရွာရှိလူငယ်များ၊အမျိုးသမီးဦးဆောင်သောအိမ်ထောင်စုများ စသည်တို့သည် မည်သို့သောအခြေအနေများတွင် လွယ်လွယ်ကူကူထိခိုက်သက်ရောက်မှုရှိနိုင်ပါသလား။ ထိခိုက်မှုရှိပါကမည်မျှအထိထိခိုက်ကြပါသနည်း။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် အဓိကလုပ်ငန်းအဖြစ် စိုက်ပျိုးရေးလုပ်ငန်းကိုသာ လုပ်ကိုင်ကြသောကြောင့် အိမ်ထောင်စု(၃၆)စုလုံး ကိုယ်ပိုင်လယ်/ယာများရှိပြီး ၎င်းတို့အနက်မှ အိမ်ထောင်စု(၁)စုမှာ စိုက်ပျိုးရေးလုပ်ငန်းအပြင် ၎င်းမိသားစုဝင်(၁)ဦးမှာ ကားမောင်းပြီးအသက်မွေးဝမ်းကျောင်းလုပ်ငန်းအား လုပ်ကိုင်သော်လည်း စိုက်ပျိုးရေးလုပ်ငန်းသာလျှင် ၎င်းတို့၏ အဓိကစီးပွားရေးလုပ်ငန်းဖြစ်ပါသောကြောင့် အဆင်ပြေပြီး ထိခိုက်သက်ရောက်နိုင်မှုတော့မရှိပါ။

(၂) ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ

(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများအခြေအနေ

(က-၁) ကျေးရွာတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့်အထက် ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)
			ကျား	မ	ပေါင်း		
၁	အုပ်ချုပ်ရေး/ရပ်မိရပ်ဖအဖွဲ့	၁☐ ၂☑ ၃☐	၅	-	၅	ပညာရေး☐ ငွေကြေး☐ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး☑ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☑ လုံခြုံရေးနှင့်ကာကွယ်ရေး☑	ကောင်း☐ သင့်☑ ညံ့☐
၂	သာရေး/နာရေးစဖိုမှူးအဖွဲ့	၁☐ ၂☑ ၃☐	၃	၅	၈	ပညာရေး☐ ငွေကြေး☐ ကျန်းမာရေး☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☑ လုံခြုံရေးနှင့်ကာကွယ်ရေး☐	ကောင်း☑ သင့်☐ ညံ့☐
၃	ကျေးရွာမြစိမ်းရောင်ကော်မတီအဖွဲ့	၁☑ ၂☐ ၃☐	၁	-	၁	ပညာရေး☐ ငွေကြေး☑ ကျန်းမာရေး☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐ လုံခြုံရေးနှင့်ကာကွယ်ရေး☐	ကောင်း☐ သင့်☑ ညံ့☐

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု။

အုပ်စုအမျိုးအစား

(၁) **စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ငွေစုငွေချေးအဖွဲ့စသည့်။**

(၂) **လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊လူငယ်အဖွဲ့၊ကိုယ်ထူကိုယ်ထအဖွဲ့။**

(၃) **ဘာသာရေးနှင့်ယဉ်ကျေးမှုအဖွဲ့။**

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာအတွင်းရှိ အဖွဲ့အစည်းများကို (၃)ဖွဲ့လောက်သာ ဖွဲ့စည်းထားနိုင်ပါသည်။ အများစုမှာ စာမတတ်သောကြောင့်လည်းကောင်း၊ မြို့နှင့်အရမ်းလှမ်းဝေးပြီးဗဟုသုတနည်းပါး၍သော်လည်းကောင်း ကျေးရွာ၏ သာရေး/နာရေးအတွက် စဖိုမှူးများအဖွဲ့သာဖွဲ့စည်းထားနိုင်ပြီး ၎င်းနှင့်ပတ်သက်၍ သီးသန့်ဖွဲ့စည်းထားခြင်း မရှိသော်လည်း သာရေး/နာရေးကိစ္စနှင့် အခြားသောကိစ္စများ ဖြစ်ပေါ်လာပါက အချင်းချင်း လာရောက်ကူညီပေးကြပါသည်။ မြစိမ်းရောင်ကျေးရွာစီမံကိန်းမှာ ဖတ်ဟာ(လီဆူး)+တာရှောက်ထန်ကျေးရွာ(၂)ရွာပေါင်း (၁)ယူနစ်ရရှိထားပြီး ကျေးရွာတွင် စာတတ်သူမရှိသည့်အတွက် တာရှောက်ထန်ကျေးရွာတွင်အဖွဲ့ဝင်အား(၁)ဦးသာ ကော်မတီထဲပါဝင်ဖွဲ့စည်းထားနိုင်ပြီး ဖတ်ဟာ(လီဆူး)ကျေးရွာမှ ကော်မတီ(၆)ဦး စုစုပေါင်းကော်မတီ(၇)ဦး ဖွဲ့စည်းထားနိုင်ပါသည်။

(က-၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

စဉ်	အမည်	အဖွဲ့အစည်းအမျိုးအစား (မှန်ရာတစ်ခုကိုသာရွေးရန်)	အဖွဲ့အစည်း၏လုပ်ငန်းတာဝန်များနှင့် အစီအစဉ်(အနည်းဆုံးတစ်ခုနှင့်အထက် ရွေးနိုင်သည်)
၁		၁□ ၂□ ၃□ ၄□ ၅□ ၆□ ၇□	ပညာရေး□ ငွေကြေး□ ကျန်းမာရေး□ ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□
၂		၁□ ၂□ ၃□ ၄□ ၅□ ၆□ ၇□	ပညာရေး□ ငွေကြေး□ ကျန်းမာရေး□ ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□

ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု။

မှတ်ချက်။

(၁) **ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း(ပြည်တွင်း/ပြည်ပ)(ဥပမာ-ဓမ္မစကူးလ်ဖောင်ဒေးရှင်း၊**Christian Aid Missions **စသည်**)

(၂) **အစိုးရမဟုတ်သောအဖွဲ့အစည်း** (**ပြည်တွင်း/ပြည်ပ**) (**ဥပမာ** – Care International, Save the Children, Gret, Pact Myanmar **စသည်**)

(၃) **အရပ်ဘက်လူမှုအဖွဲ့အစည်း**

(၄) **နိုင်ငံအများ၏ရန်ပုံငွေဖြင့်ဆောင်ရွက်သောဖွံ့ဖြိုးရေးအဖွဲ့အစည်းများ** (**ဥပမာ-ကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်**)

(၅) **နိုင်ငံတစ်ခု၏ရန်ပုံငွေဖြင့်ဖွဲ့စည်းထားသောဖွံ့ဖြိုးရေးအဖွဲ့အစည်းများ** (**ဥပမာ** GIZ, UKAid, USAid, **စသည်**)

(၆) **ပရဟိတအဖွဲ့** (**ပြည်တွင်း/ ပြည်ပ**)

(၇) **ပုဂ္ဂလိကအဖွဲ့အစည်းများ**

နိုင်ငံတော်မှဒေသအကျိုး၊ ပြည်သူ့အကျိုးကိုထိရောက်စွာထမ်းဆောင်နိုင်စေရန်အလို့ငှာ ဥပဒေ၊ နည်းဥပဒေ၊ လမ်းညွှန်ချက်များဖြင့်ပြဋ္ဌာန်းကာ ဖွဲ့စည်းပေးထားနေသောအဖွဲ့အစည်း၊အသင်းအဖွဲ့များ (**ဥပမာ - သမဝါယမဦးစီးဌာန၏ သမဝါယမအသင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏မြစိမ်းရောင်စသည်**)**တို့ကို ဤဇယားတွင် ထည့်သွင်းဖော်ပြခြင်းမပြုပါရန်။**

လေ့လာတွေ့ရှိချက်။ ။ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်ပေးသော ပြင်ပဌာနများအနေဖြင့် ၂၀၁၄-၂၀၁၅ခု ဘဏ္ဍာရေးနှစ်တွင် ကျေးလက်ဦးစီးဌာနမှ ဆောင်ရွက်ပေးထားသော ရေပေးရေးလုပ်ငန်းနှင့် ဆိုလာများရရှိထားပြီး ၂၀၁၄-၂၀၁၅ခု ဘဏ္ဍာရေးနှစ်တွင် ဖတ်ဟာ(လီဆူး)+တာရှောက်ထန်ကျေးရွာမြစိမ်းရောင်ကျေးရွာစီမံကိန်း (၂)ရွာ (၁)ယူနစ်ကိုလည်း ထပ်မံရရှိထားပါသည်။ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ကျန်းမာရေးဌာနနှင့် မြို့နယ်လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနများနှင့်လည်း တစ်ခါတစ်ရံ ဆက်သွယ်မှုရှိပါသည်။

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(ခ-၁) သီးနှံထုတ်လုပ်ရေး

(၁) စိုက်ပျိုးမြေပိုင်ဆိုင်မှုအရွယ်အစား (မြေပိုင်ဆိုင်သည့်အိမ်ထောင်စုများ)

ဇယား (၁၃) စိုက်ပျိုးမြေပိုင်ဆိုင်မှု

စဉ်	မြေပိုင်ဆိုင်မှု အရွယ်အစား	အိမ်ထောင်စု အရေအတွက်	အမျိုးသမီး ဦးဆောင်သည့် အိမ်ထောင်စုအရေအတွက်	ဖွဲ့ဖြိုးရေးအမြင်သတ်မှတ်ချက်
၁	မြေယာမဲ့	-	-	မြေမဲ့ယာမဲ့
၂	၂.၅ဧကအောက်	၁၃	၂	ဆင်းရဲသားတောင်သူ
၃	၂.၅ဧကမှ၅ဧကကြား	၈	-	တောင်သူငယ်
၄	၅ဧကမှ၁၂.၅ဧကကြား	၁၂	-	တောင်သူလတ်
၅	၁၂.၅ဧကအထက်	၁	-	တောင်သူကြီး
ကျေးရွာရှိ အိမ်ထောင်စုစုစုပေါင်း		**၂၄**	**၂**	☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် စိုက်ပျိုးမြေပိုင်ဆိုင်မှုမှာ မြေမဲ့ယာမဲ့မရှိပဲ အနည်းဆုံးစိုက်ပျိုးမြေ(၂)ဧကပိုင်ဆိုင်ထားကြပါသဖြင့် အိမ်ထောင်စုအချို့မှာ မိမိယာမြေများမှစိုက်ပျိုးသီးနှံများအား ရိတ်သိမ်းပြီးလျှင် အခြားသောသူများထံသို့ နေ့စားအနေဖြင့်လည်းကောင်း (သို့) အချင်းချင်းကူညီခြင်းဖြင့်လည်းကောင်း သွားရောက်လုပ်ကိုင်ပေးကြပါသည်။

(၂) အစိုးရနှင့်ပုဂ္ဂလိကရေအရင်းအမြစ်များမှရေသွင်းနိုင်သည့်ဧရိယာ

ဇယား (၁၄) ကျေးရွာ၏ရေအရင်းအမြစ်နှင့်ရေသွင်းဧရိယာ

စဉ်	အရင်းအမြစ်	ရေသောက် (ဧက)	ရေရရှိနိုင်မှု		
			တစ်နှစ်ပတ်လုံး/ ရာသီအလိုက်(မှန်ရာတစ်ခုကိုသာရွေးရန်)	**လုံလောက်မှု (ရှိ/မရှိ)** (မှန်ရာတစ်ခုကိုသာရွေးရန်)	**လွန်ခဲ့သော(၁၀)နှစ်က အခြေအနေ**(မှန်ရာတစ်ခုကိုသာရွေးရန်)
၁	ဆည်	-	တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☐	ရှိ☐ မရှိ☐ မဖြေဆိုပါ☐	လျော့☐ တိုး☐ အပြောင်းအလဲမရှိ☐
၂	ရေလွှဲဆည်	-	တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☐	ရှိ☐ မရှိ☐ မဖြေဆိုပါ☐	လျော့☐ တိုး☐ အပြောင်းအလဲမရှိ☐
၃	မြစ်ရေတင်စီမံကိန်း	-	တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☐	ရှိ☐ မရှိ☐ မဖြေဆိုပါ☐	လျော့☐ တိုး☐ အပြောင်းအလဲမရှိ☐
၄	ရေသွင်းမြောင်း	-	တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☐	ရှိ☐ မရှိ☐ မဖြေဆိုပါ☐	လျော့☐ တိုး☐ အပြောင်းအလဲမရှိ☐
၅	အဝီစိတွင်း	-	တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☐	ရှိ☐ မရှိ☐ မဖြေဆိုပါ☐	လျော့☐ တိုး☐ အပြောင်းအလဲမရှိ☐
၆	လက်ဝင်ရေတွင်း	-	တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☐	ရှိ☐ မရှိ☐ မဖြေဆိုပါ☐	လျော့☐ တိုး☐ အပြောင်းအလဲမရှိ☐
၇	စိမ့်စမ်းရေ	-	တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☐	ရှိ☐ မရှိ☐ မဖြေဆိုပါ☐	လျော့☐ တိုး☐ အပြောင်းအလဲမရှိ☐

စဉ်	အရင်းအမြစ်	ရေသောက် (ဧက)	ရေရရှိနိုင်မှု		
			တစ်နှစ်ပတ်လုံး/ ရာသီအလိုက်(မှန်ရာတစ်ခုကိုသာရွေးရန်)	**လုံလောက်မှု (ရှိ/မရှိ)** (မှန်ရာတစ်ခုကိုသာရွေးရန်)	**လွန်ခဲ့သော(၁၀)နှစ်က အခြေအနေ**(မှန်ရာတစ်ခုကိုသာရွေးရန်)
၈	ချောင်းရေ	-	တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☐	ရှိ☐ မရှိ☐ မဖြေဆိုပါ☐	လျော့☐ တိုး☐ အပြောင်းအလဲမရှိ☐

ရင်းမြစ် ... (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း – လယ်သမားအုပ်စု၊ (၂) ဆည်မြောင်းဦးစီးဌာန၊စိုက်ပျိုးရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာရှိ စိုက်ပျိုးမြေများမှာ လယ်မြေများမရှိဘဲ ယာမြေများသာ ဖြစ်ပြီး ရေသွင်းစိုက်ပျိုးရန် အနီးနားတွင် မည်သည့်ချောင်းမှ မရှိသည့်အတွက် ရေသွင်းစိုက်ပျိုးမှု မပြုလုပ်သော်လည်း မိုးရေကိုတော့ မှီခို အားထားနေရပါသည်။

(၃) အဓိကသီးနှံများနှင့်အထွက်နှုန်း

ဇယား (၁၅) အဓိကသီးနှံများနှင့်အထွက်နှုန်း

သီးနှံ	စုစုပေါင်းစိုက်ဧက	တစ်ဧကအထွက်နှုန်း				သီးနှံစိုက်ပျိုးသည့်ကာလ		သွင်းအားစုလိုအပ်ချက် (မှန်ရာတစ်ခုကိုသာရွေးရန်)	အမြတ်ရရှိနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)
		ယူနစ်	အနည်းဆုံး	အများဆုံး	ပျမ်းမျှ	မှ	ထိ			
ပြောင်း	၃၅	အိတ်	၂၀	၂၅	၂၂	ဇွန်	နို	မြင့်☑လတ်☐ နိမ့်☐	မြင့်☐ လတ်☐ နိမ့်☑	မြင့်☐ လတ်☑ နိမ့်☐
ကြံ	၈၀	တန်	၂၅	၃၀	၂၂	မတ်	ဧန်	မြင့်☑လတ်☐ နိမ့်☐	မြင့်☐ လတ်☐ နိမ့်☑	မြင့်☐ လတ်☑ နိမ့်☐
စပါး	၃၂	တင်း	၂၀	၂၅	၂၂	ဇွန်	နို	မြင့်☑လတ်☐ နိမ့်☐	မြင့်☐ လတ်☐ နိမ့်☑	မြင့်☐ လတ်☑ နိမ့်☐

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း – လယ်သမားအုပ်စု။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် ပြောင်း၊ ကြံနှင့် စပါးကို စိုက်ပျိုးကြသော်လည်း စီးပွားအဖြစ် ပြောင်းနှင့်ကြံကိုသာ အဓိကထားစိုက်ပျိုးကြပြီး စပါးကို မိမိအိမ်အတွက် ဝမ်းစာဖူလုံရန်အတွက်သာ စိုက်ပျိုးကြပါသည်။ ယခင်နှစ်များတွင် ပြောင်းကို စီးပွားအဖြစ်စိုက်ပျိုးကြသော်လည်း နည်းပညာဗဟုသုတနည်းပါး၍သော်လည်းကောင်း၊ ပုံမှန်စွေးကွက် မရရှိ၍သော်လည်းကောင်း၊ ပိုးကျမှုများသောကြောင့် ပိုးသတ်ဆေးများအသုံးပြုမှုများကာ ပြောင်းအထွက်နှုန်းကျခြင်း နှင့်ထွက်ရှိလာသောပြောင်းမှာ အသီးမလှသည့်အတွက် စွေးကောင်းမရခြင်း၊ ကျွန်တော်တို့ကျေးရွာသည် တရုတ်ပြည် နှင့်နီးသည့်အတွက် ရွာမှထွက်ရှိလာသော သီးနှံများကို အများအားဖြင့် တရုတ်ပြည်သို့တင်ပို့ကြပါသဖြင့် Covid-19 ကာလတွင် ဂိတ်များပိတ်သောကြောင့် ပို့မရ/ရောင်းမရဖြစ်ပြီး ရွာတွင်သီးနှံများအောင်းကာ ဆုံးရှုံးမှုများပါသည်။ ကြံပွဲစားများရှိသော်လည်း ကြံကုမ္ပဏီများမှာ တရုတ်ပြည်မှဖြစ်ပါသဖြင့် Covid-19 ကာလတွင် ဂိတ်များပိတ်သော ကြောင့် ကျေးရွာမှထွက်ကုန်များအား ပြည်ပသို့တင်သွင်း၍မရပါ။ ကျေးရွာတွင် ကြံကိုပြောင်းထက် ပိုမိုစိုက်ပျိုးကြပါ သဖြင့် ကြံစိုက်ရာတွင် အခြားသောသီးနှံများထက် ဓါတ်မြေဩဇာများကို ပိုမိုအသုံးပြုရသောကြောင့် ကြံစိုက်ပျိုးသည့် တောင်သူများမှာ ပို၍ဆုံးရှုံးမှုများပါသည်။ သို့ဖြစ်ပါ၍ စိုက်ပျိုးရေးဦးစီးဌာနမှ စိုက်ပျိုးရေးနှင့်ပတ်သက်၍ နည်းပညာ

များ၊ ဗဟုသုတများအား လာရောက်သင်တန်းပေးခြင်းနှင့် သီးနှံများအား ပုံမှန်စျေးကွက်ရရှိစေရန် ကူညီဆောင်ရွက်ပေးစေလိုပါသည်။

(၄) လယ်ယာသုံးစက်ကိရိယာများ

ဇယား (၁၆) ကျေးရွာ၏စိုက်ပျိုးရေးသုံးကိရိယာများပိုင်ဆိုင်မှု

စက်အမျိုးအစား	တစ်ဦးချင်းပိုင်	ရွာပိုင်	အဖွဲ့ပိုင်	ငှားရမ်းလုပ်ကိုင်နေသောတောင်သူအရေအတွက်
ထွန်စက်	-	-	-	-
လက်တွန်းထွန်စက်	-	-	-	-
အစေ့ချကိရိယာ	-	-	-	-
ရိတ်သိမ်းခြွေလှေ့စက်	-	-	-	-
ရိတ်သိမ်းစက်	-	-	-	-
ခြွေလှေ့စက်	၂	-	-	-
ရေစုပ်စက်	-	-	-	-
ခြေနင်းရေတင်စက်	-	-	-	-
မြက်ရိတ်စက်	-	-	-	-

ရင်းမြစ်... (၁) **အိမ်ထောင်စုစာရင်းကောက်ယူမှု၊** (၂) **ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု။**

လေ့လာတွေ့ရှိချက်။ ။အိမ်ထောင်စု(၃၆)စုအနက် ခြွေလှေ့စက်ပိုင်ဆိုင်သူအိမ်ထောင်စုမှာ(၂)စုသာရှိပါသည်။တစ်ရွာလုံးမှာ ပေါက်ပြား (သို့) ကျွဲရှိသူများက ကျွဲဖြင့်သာ ယာမြေများကို ထွန်ယက်ကြကာ သီးနှံများကို စိုက်ပျိုးကြပါသည်။

(၅) သီးနှံအထွက်နှုန်းတိုးစေရန်အတွက်အခွင့်အလမ်းများ

ဇယား (၁၇) သီးနှံအထွက်နှုန်းတိုးစေရန်အတွက်အခွင့်အလမ်းများ

အခွင့်အလမ်း	ဖော်ပြချက်/ရှင်းလင်းချက် (မှန်ရာတစ်ခုကိုသာရွေးရန်။ ဇယား၁၇နှင့်၁၈ကိုချိတ်ဆက်စစ်ဆေးပြီးမှဖြေဆိုရန်။ဖြေဆိုရန်မလိုအပ်ဟု ယူဆသောအချက်များရှိပါက “မဖြေဆိုပါ” ဟူသောအကွက်ကိုရွေးရန်။)
သဘာဝရေမြေရာသီဥတုအနေအထား	အလွန်ကောင်း☐ ကောင်း☐ သင့်တင့်မျှတ☑ မဖြေဆိုပါ☐
လယ်ယာမြေအသုံးချနိုင်မှု	အလွန်ကောင်း☐ ကောင်း☑ သင့်တင့်မျှတ☐ မဖြေဆိုပါ☐
စိုက်ပျိုးရေအရင်းအမြစ်	ပေါများ☐ အသင့်အတင့်ရှိ☐ မဖြေဆိုပါ☑
ချေးငွေနှင့်ငွေကြေးဝန်ဆောင်မှု	အလွယ်တကူရသည်☐ ရသည်☑ မဖြေဆိုပါ☐
သီးနှံမျိုးစေ့ရရှိနိုင်မှု	မျိုးကောင်းမျိုးသန့်များကိုလွယ်ကူစွာဝယ်ယူနိုင်သည်☐ သီးနှံမျိုးစေ့များဝယ်ယူရရှိနိုင်သည်☑ မဖြေဆိုပါ☐
သဘာဝမြေဆွေး / အော်ဂဲနစ်မြေဩဇာနှင့်အခြားအော်ဂဲနစ်သွင်းအားစုများ	လွယ်ကူစွာဝယ်ယူ/ရနိုင်သည်☐ ဝယ်ယူရနိုင်သည်☐ မဖြေဆိုပါ☑
ဓာတုပိုးသတ်ဆေး၊ ဓာတ်မြေဩဇာနှင့်အခြားဓာတုဗေဒသွင်းအားစုများ	လွယ်ကူစွာဝယ်ယူ/ရနိုင်သည်☐ ဝယ်ယူရနိုင်သည်☐ မဖြေဆိုပါ☑

အခွင့်အလမ်း	ဖော်ပြချက်/ရှင်းလင်းချက် (မှန်ရာတစ်ခုကိုသာရွေးရန်။ ဇယား၁၇နှင့်၁၈ကိုချိတ်ဆက်စစ်ဆေးပြီးမှဖြေဆိုရန်။ဖြေဆိုရန်မလိုအပ်ဟု ယူဆသောအချက်များရှိပါက “မဖြေဆိုပါ” ဟူသောအကွက်ကိုရွေးရန်။)
လုပ်သားရရှိနိုင်မှု	အလွယ်တကူရနိုင်သည်☐ ရနိုင်သည်☑ မဖြေဆိုပါ☐
နည်းပညာ၊ အုပ်ချုပ်ရေးပိုင်းဆိုင်ရာ ဝန်ဆောင်မှုများ	အလွယ်တကူရနိုင်သည်☐ ရနိုင်သည်☐ မဖြေဆိုပါ☑
သီးနှံဈေးကွက်နှင့်ကုန်သွယ်မှု	သီးနှံများကိုလွယ်ကူစွာနှင့်ဈေးနှုန်းမှန်ကန်စွာဖြင့်ရောင်းချနိုင်သည်☐ သီးနှံများကိုရောင်းချနိုင်သည်☑ မဖြေဆိုပါ☐
ရာသီဥတုအခြေအနေပြောင်းလဲမှု (အပူချိန်၊မိုးရေချိန်)	ထိခိုက်သည်☐ မထိခိုက်ပါ ☐ မဖြေဆိုပါ☑

ရင်းမြစ် … (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ်အစိုးရဦးစီးဌာနများ။

လေ့လာတွေ့ရှိချက်။ ။ သီးနှံအထွက်နှုန်းတိုးစေရန် အခွင့်အလမ်းနေဖြင့် ကျေးရွာရှိယာမြေများမှာ မြေဆီမြေဩဇာကောင်းမွန်ခြင်း၊ မြေဩဇာများကို လွယ်ကူစွာဝယ်ယူ၍ရနိုင်ခြင်း၊ ချေးငွေများလိုအပ်ပါက ကျေးလက်ဦးစီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်ပေးထားသော မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေမှလည်းကောင်း၊ ဆွေမျိုးသားချင်းများထံမှလည်းကောင်း ချေးငွေများကိုရယူနိုင်ပါသည်။ ပို့ကုန်အနေဖြင့် တရုတ်ပြည်နှင့်နီးသည့်အတွက်ကြောင့် ကျေးရွာရှိထွက်ကုန်များကို တရုတ်ပြည်သို့လည်းကောင်း၊ ချင်းရွှေဟော်နှင့် နမ့်တစ်မြို့သို့လည်းကောင်း တင်သွင်းနိုင်ပါသည်။

(၆) သီးနှံထုတ်လုပ်မှုအတွက်ပြဿနာနှင့်အခက်အခဲများ

ဇယား (၁၈) သီးနှံထုတ်လုပ်မှုအတွက်ပြဿနာနှင့်အခက်အခဲများ

ပြဿနာနှင့်အခက်အခဲများ	ဖော်ပြချက်/ရှင်းလင်းချက် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်။ဇယား၁၇နှင့်၁၈ကိုချိတ်ဆက်စစ်ဆေးပြီးမှဖြေဆိုရန်။ ဖြေဆိုရန်မလိုအပ်ဟုယူဆသော အချက်များရှိပါက “မဖြေဆိုပါ” ဟူသောအကွက်ကိုရွေးရန်။)
သဘာဝရေမြေရာသီဥတုအနေအထား	မြေဆီဩဇာမကောင်း☐ ရာသီဥတုမမှန်☐ မဖြေဆိုပါ☑
လယ်ယာမြေအသုံးချနိုင်မှု	လယ်ယာမြေတိုးချဲ့နိုင်မှုမရှိပါ☑ လယ်ယာမြေဆုံးရှုံးမှုများသည်☐ လယ်ယာမြေဆုံးရှုံးမှုအသင့်အတင့်ရှိသည်☐ ပလပ်မြေများရှိသည်☐ ပလပ်မြေအသင့်အတင့်ရှိသည်☐ မဖြေဆိုပါ☐
စိုက်ပျိုးရေအရင်းအမြစ်	အလွယ်တကူမရနိုင်☐ လုံးဝမရ☐ မဖြေဆိုပါ☑
ချေးငွေနှင့်ငွေကြေးဝန်ဆောင်မှု	အလွယ်တကူမရနိုင်☑ လုံးဝမရ☐ မဖြေဆိုပါ☐
သီးနှံမျိုးစေ့ရရှိနိုင်မှု	အလွယ်တကူမရနိုင်☐ လုံးဝမရ☐ မဖြေဆိုပါ☑
သဘာဝမြေဆွေး / အော်ဂဲနစ်မြေဩဇာနှင့် အခြားအော်ဂဲနစ် သွင်းအားစုများ	အလွယ်တကူမရနိုင်☐ လုံးဝမရ☐ မဖြေဆိုပါ☑
ဓာတုပိုးသတ်ဆေး၊ ဓာတ်မြေဩဇာနှင့် အခြားဓာတုဗေဒသွင်းအားစုများ	အလွယ်တကူမရနိုင်☐ လုံးဝမရ☐ မဖြေဆိုပါ☑

ပြဿနာနှင့်အခက်အခဲများ	ဖော်ပြချက်/ရှင်းလင်းချက် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်။ဇယား၁၇နှင့်၁၈ကိုချိတ်ဆက်စစ်ဆေးပြီးမှဖြေဆိုရန်။ ဖြေဆိုရန်မလိုအပ်ဟုယူဆသော အချက်များရှိပါက “မဖြေဆိုပါ” ဟူသောအကွက်ကိုရွေးရန်။)
လုပ်သားရရှိနိုင်မှု	အလွယ်တကူမရနိုင်☐ လုံးဝမရ☐ မဖြေဆိုပါ☑
နည်းပညာ၊အုပ်ချုပ်ရေးပိုင်းဆိုင်ရာ ဝန်ဆောင်မှုများ	အလွယ်တကူမရနိုင်☐ လုံးဝမရ☐ မဖြေဆိုပါ☑
သီးနှံစျေးကွက်နှင့်ကုန်သွယ်မှု	သီးနှံများကိုလွယ်ကူစွာနှင့်စျေးနှုန်းမှန်ကန်စွာဖြင့်မရောင်းချနိုင်ပါ☐ သီးနှံများကိုရောင်းချရန်စျေးကွက်မရှိပါ☑ မဖြေဆိုပါ☐
ဖျက်ပိုးနှင့်ရောဂါကျရောက်မှု	ဆိုးရွားစွာကျ☐ အသင့်အတင့်ကျ☑ အနည်းငယ်☐ မဖြေဆိုပါ☐
ရာသီဥတုဒဏ်ခံနိုင်သည့်သီးနှံများနှင့် ပတ်သက်သောသတင်းအချက်အလက် လက်လှမ်းမီမှု	အလွယ်တကူမရနိုင်☐ လုံးဝမရ☑ မဖြေဆိုပါ☐
ရာသီအလိုက်ရာသီဥတုခန့်မှန်းချက်များနှင့် သီးနှံစီမံခန့်ခွဲမှုဆိုင်ရာအကြံဉာဏ်များလက် လှမ်းမီမှု	အလွယ်တကူမရနိုင်☐ လုံးဝမရ☑ မဖြေဆိုပါ☐

ရင်းမြစ် (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ်အစိုးရဦးစီးဌာနများ။

လေ့လာတွေ့ရှိချက်။ ။အခက်အခဲနှင့် ပြဿနာမှာ သဘာဝမြေဆွေး/အော်ဂဲနစ်မြေဩဇာများ ရရှိနိုင်မှုမှာ အလွန်နည်းပါးပါသည်။ ထွက်ရှိလာသောသီးနှံများကို စျေးကွက်တွင်သွားရောက်ရောင်းချနိုင်သော်လည်း ပုံမှန်စျေးကွက်အတိုင်း မရရှိနိုင်သောကြောင့်သော်လည်းကောင်း၊ စျေးကွက်မတည်ငြိမ်မှုများနှင့်သာ အများအားဖြင့် ရင်ဆိုင်နေရသောကြောင့် တောင်သူများအတွက် မကြာခဏ ဆုံးရှုံးမှုများနှင့် ရင်ဆိုင်နေရပါသည်။သို့ဖြစ်ပါ၍ ပုံမှန်စျေးကွက် ရရှိစေရန် ဆောင်ရွက်ပေးစေလိုပါသည်။

(ခ-၂) မွေးမြူရေးလုပ်ငန်း

(၁) မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ

ဇယား (၁၉) မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ

မွေးမြူရေးနှင့်ငါးလုပ်ငန်း	မွေးမြူရေးနှင့် ငါးလုပ်ငန်းလုပ်ကိုင်နေသောအိမ်ထောင်စု	ကောင်ရေ
မွေးမြူရေး		
နွား	၂	၅
နို့စားနွား	-	
ကျွဲ	၂	၅
မြင်း	၂	၃
မြည်း	-	-
လား	-	-
ဆိတ်	-	-

မွေးမြူရေးနှင့်ငါးလုပ်ငန်း	မွေးမြူရေးနှင့် ငါးလုပ်ငန်းလုပ်ကိုင်နေသောအိမ်ထောင်စု	ကောင်ရေ
သိုး	-	-
ဝက်	၂၉	၉၀
ကြက်	၃၃	၃၉၀
ဘဲ	-	-
နွားနောက်	-	-
ငါးလုပ်ငန်း		
ငါးကန်	-	-
ပုဇွန်ကန်	-	-
ဂဏန်းမွေးမြူရေးလုပ်ငန်း	-	-
ရေချိုငါးဖမ်းလုပ်ငန်း	-	-
ကမ်းလွန်ငါးဖမ်းလုပ်ငန်း	-	-

ရင်းမြစ်... (၁) **အိမ်ထောင်စုစာရင်းကောက်ယူမှု၊** (၂) **ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု။**

